**ကထိန်နှင့်စပ် သိမှတ်ဖွယ်ရာအကျဉ်း**

ကထိန်ဟူသည်–

၁။ ခိုင်မြဲခြင်း

၂။ ခက်ခဲခြင်း

၃။ ဘုရားစသော သူတော်ကောင်းတို့ချီးမွမ်းခြင်း

**ကထိန်ရဲ့အစ**

ကထိန်ရဲ့အစသည် သံဃာဖြစ်ပါတယ်။ (ဝိနည်း)

ကထိန်ရဲ့အစသည် ဘဒ္ဒဝဂ္ဂီညီနောင်သုံးကျိပ် ဖြစ်ပါတယ်။ (သုတ္တန်)

ကထိန်ရဲ့အစသည် မဟာကရုဏာဉာဏ်၊ သဗ္ဗညုတဉာဏ် ဖြစ်ပါတယ်။ (အဘိဓမ္မာ)

**ကထိန်ခင်းသည် ဆိုရာဝယ်**

ကထိန်ရဲ့ အကျိုးအာနိသင်ငါးမျိုးတို့ကို ကထိန်ခင်းသည့်ကျောင်းတိုက်အတွင်းရှိ သံဃာတော်တို့ ရရှိစေခြင်းကို 'ခင်း' သည်ဟုဆိုသည်။

**ထူးခြားချက်၊ နှိုင်းယှဉ်ချက်**

| | |
|---|---|
| ဝါဆိုသင်္ကန်း | ကထိန်သင်္ကန်း |
| ပုဂ္ဂလိကဒါန | သံဃိက |
| ဥပါဒါန်ပါ | ဥပါဒါန်ကင်း |
| ဝိနယကို အခြေမခံ | ဝိနယကို အခြေခံ |
| သဒ္ဓါကိုဦးစားပေး | သိက္ခာသုံးပါးကို ဦးစားပေး |
| အကြိမ်များစွာလှူခွင့်/ခံယူခွင့်ရ | တစ်ကြိမ်သာ လှူခွင့်/ခံယူခွင့်ရ |
| ဝိနည်းစည်းကမ်းတင်းကြပ်မှုမရှိ | ဝိနည်းစည်းကမ်းတင်းကြပ်မှုရှိ |
| သံဃာအရေအတွက်ကန့်သတ်ချက်မရှိ | သံဃာအရေအတွက်ကန့်သတ်ချက်ရှိ |